

# LESSON 26 次(つぎ)はがんばろう

## TSUGI WA GANBARÔ

| | | |
|---|---|---|
| アンナ<br>အန်းနာ | ロドリゴ、元気(げんき)がないね。<br>RODORIGO, GENKI GA NAI NE. | ရိုဒရီဂို ... လန်းလန်းဆန်းဆန်းမရှိဘူးနော်။ |
| ロドリゴ<br>ရိုဒရီဂို | 試験(しけん)ができなかったんです。<br>SHIKEN GA DEKINAKATTA N DESU. | စာမေးပွဲကိုကောင်းကောင်းမဖြေနိုင်ခဲ့ဘူးလေ။ |
| アンナ<br>အန်းနာ | 私(わたし)も・・・。６０点(ろくじってん)でした。<br>次(つぎ)はがんばろう。<br>WATASHI MO....<br>ROKUJITTEN DESHITA.<br>TSUGI WA GANBARÔ. | ကျွန်မရောပဲ။<br>အမှတ် ၆၀ ရခဲ့တယ်။<br>နောက်တစ်ခါကြိုးစားကြစို့။ |



## သဒ္ဒါရှင်းလင်းချက်

### ① _ N DESU

◈ အခြေအနေတစ်ခုကိုအကြောင်းပြချက်ပေးပြီးရှင်းပြတဲ့အခါမှာ N DESU ကိုသုံးပါတယ်။

◈ N DESU ရဲ့ရှေ့မှာ အခြေခံပုံစံကြိယာကိုသုံးရပါမယ်။ အခြေခံပုံစံကြိယာဆိုတာ TA-ပုံစံနဲ့ အဘိဓာန်ပုံစံလိုကြိယာတွေပါ။

ဥပမာ - SHIKEN GA DEKINAKATTA N DESU. (စာမေးပွဲကိုကောင်းကောင်းမဖြေနိုင်ခဲ့ဘူးလေ)

→ DEKIMASEN DESHITA (မလုပ်နိုင်ခဲ့ပါဘူး) ရဲ့ အခြေခံပုံစံ

### ② DESHITA : DESU ရဲ့အတိတ်ကာလပုံစံ

ဥပမာ - TAIHEN DESU. (ခက်ခဲ၊ ပင်ပန်းတယ် / –မယ်) ⇒ TAIHEN DESHITA. (ခက်ခဲ၊ ပင်ပန်းခဲ့တယ်)

### ③ GANBARÔ (ကြိုးစားကြစို့) ☞ *ကြိယာများ : စာမျက်နှာ ၅၄၊ ၅၅ သို့*

◈ GANBARÔ ဆိုတာက GANBARIMASU (ကြိုးစားတယ်၊–မယ်) ရဲ့ သဘောဆန္ဒကိုဖော်ပြတဲ့ပုံစံဖြစ်ပါတယ်။

◈ သဘောဆန္ဒကိုဖော်ပြတဲ့ပုံစံကိုပြောသူရဲ့စိတ်ဆန္ဒအပြင် တစ်ဖက်သားကိုပါလုပ်ဆောင်ဖို့တိုက်တွန်းတဲ့အခါ၊ ဆွဲဆောင်တဲ့အခါမှာလည်းသုံးပါတယ်။




## အိုနိမာတိုပဲ




မွေးကင်းစကလေးလေးအသည်းအသန်ငိုနေတဲ့အသံကို ဖော်ပြတဲ့အိုနိမာတိုပဲပါ။




ကလေးငယ်တွေငိုတဲ့အသံကိုဖော်ပြတဲ့အိုနိမာတိုပဲပါ။

Created by NHK WORLD © ver. April 2015